# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့အစီအစဉ်

## [ ၁၇ – ၂ – ၂၀၁၆] (ဗုဒ္ဓဟူးနေ့) နံနက် ၁၀၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပြည်သူ့လွှတ်တော် အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ဦးစိုင်းထွန်းအောင်၊ ကျောက်မဲ မဲဆန္ဒနယ်၏ **"ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကျောက်မဲမြို့နယ်ဒေသအတွင်း ဖြစ်ပွားနေသောတိုက်ပွဲများကြောင့် ဆရာ/ဆရာမများ၊ ကျောင်းသား/သူများ မိဘပြည်သူများ ဒုက္ခများစွာ ကြုံတွေ့နေရပါသဖြင့် အမြန်ဆုံးတိုက်ပွဲများရပ်ဆိုင်းနိုင်ရေးနှင့် စစ်ဘေးရှောင်ပြည်သူများ၏ လူမှုဒုက္ခများအား အမြန်ဆုံး ဖြေရှင်း ဆောင်ရွက်ပေးနိုင်ပါရန် နိုင်ငံတော်အစိုးရ၊ ရှမ်းပြည်နယ်အစိုးရနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများအားလုံးအား တိုက်တွန်းကြောင်း"** အရေးကြီးအဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးစိုင်းထွန်းစိန်၊ မိုင်းပျဉ်း မဲဆန္ဒနယ်၊

(ခ) ဦးခင်မောင်သိန်း၊ စစ်ကိုင်း မဲဆန္ဒနယ်၊

(ဂ) ဦးဝင်းထူး၊ နမ့်ဆန် မဲဆန္ဒနယ်၊

(ဃ) ဦးစိုင်းသန့်ဇင်၊ သီပေါ မဲဆန္ဒနယ်၊

(င) ဦးဝင်းမြင့်ဦး(ခ) ဦးနေမျိုး၊ ညောင်ရွှေ မဲဆန္ဒနယ်၊

(စ) ဒုတိယဗိုလ်မှူးကြီးမောင်မောင်ဦး၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဆ) ဒေါ်နန်းမိုး၊ မန်တုံ မဲဆန္ဒနယ်၊

(ဇ) ဒေါ်ပြုံးကေသီနိုင်၊ ကလော မဲဆန္ဒနယ်၊

(ဈ) ဦးထွန်းမြအောင်(ခ) ဦးစောထွန်းမြအောင်၊ ဖာပွန် မဲဆန္ဒနယ်၊

(ည) ဦးဇော်သိန်း၊ ဝါးခယ်မ မဲဆန္ဒနယ်၊

(ဋ) ဗိုလ်မှူးသူရိန်ဇော်၊ တပ်မတော်သားကိုယ်စားလှယ်၊

(ဌ) ဦးငွေဝင်းအောင်(ခ) ဦးပြုံးချို၊ ဒေါပုံ မဲဆန္ဒနယ်၊

၆။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကိုလည်းကောင်း၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် တောင်သူလယ်သမား၊ အလုပ်သမားနှင့် လူငယ်ရေးရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီတွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး တို့၏ အမည်စာရင်းကိုလည်းကောင်း၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းကိုလည်းကောင်း ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း၊

၁၀။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရေး နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခြင်း၊

၁၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း၊

၁၂။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဘဏ္ဍာများနှင့် ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၁၃။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဖွဲ့စည်းရေး နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခြင်း၊

၁၄။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း၊

၁၅။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝ ဖွံ့ဖြိုး တိုးတက်ရေးကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၁၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီ ဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ ရှင်းလင်း ပြောကြားခြင်း၊

၁၇။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြခြင်း၊

၁၈။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီတွင် ပါဝင်ရန် လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်သူ့လွှတ်တော်သို့ တင်ပြခြင်း၊

၁၉။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။